**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**www.knuhq.org**

# ထိုင်းဘုရင့်နိုင်ငံအစိုးရ၏ လူသားချင်းစာနာထောက်ထားခြင်းဆိုင်ရာ အကူအညီပေးဝေမှုကိစ္စရပ်များ နှင့် ပါတ်သက်၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ထုတ်ပြန်ကြေငြာချက်

**၂၀၂၄ ခုနှစ် မတ်လ (၂၇) ရက်**

စစ်ကောင်စီမှ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးများဖြင့်ပစ်ခတ်မှုများ၊ လူနေအိမ်အတွင်း ဝင်ရောက် လုယက် မီးရှို့ ဖျက်ဆီးမှုများ တို့ကြောင့် ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး (KNU) နယ်မြေများဖြစ်သော ဖားအံခရိုင် နဘူး မြို့နယ်၊ ပိုင်ကျုံမြို့နယ်၊ ဒုံရင်းမြို့နယ် (သာမည) နယ်မြေများအတွင်းသို့ ထွက်ပြေးတိမ်းရှောင်နေကြသော စစ်ဘေးရှောင် (IDPs) ဦးရေ ၂၀,၀၀၀ (နှစ်သောင်း) ကို ရည်မှန်းသော လူသားချင်းစာနာမှု အကူအညီပစ္စည်းများကို ထိုင်းဘုရင့်နိုင်ငံ အစိုးရ၏ အစီအစဉ်ဖြင့် ၂၀၂၄ ခုနှစ် မတ်လ (၂၅) ရက်နေ့တွင် ထိုင်းနိုင်ငံမဲဆောက်မြို့ မဲဆောက် - မြဝတီ ချစ်ကြည်ရေး တံတား အမှတ်(၂) ၌ ထိုင်းကြက်ခြေနီမှတဆင့် မြန်မာကြက်ခြေနီထံသို့ လွှဲအပ်ပေးခဲ့ပါသည်။

ထောက်ပံ့ပစ္စည်းများကို ကရင်နယ်ခြားစောင့်တပ် (BGF) က မြဝတီ-ကယ်ဂေါ်-သေ့ကတေ-သာယာကုန်း လမ်းကြောင်း မှတဆင့် တာဝန်ယူသယ်ဆောင်ပေးခဲ့ပြီး၊ ထိုင်းဘုရင့်တပ်မတော်မှစစ်ဖက်တာဝန်ရှိသူအချို့မှ ဝေငှမှုများကို စောင့်ကြည့် ရေးအတွက် အတူတကွလိုက်ပါလာခဲ့ကြပါသည်။ KNU ဖားအံခရိုင် မှ တာဝန်ရှိသူများက ထောက်ပံ့ကူညီသည့် ပစ္စည်း အရေအတွက် (၃,၈၇၄) ထုတ်ကို ကားတန်းနှင့်အတူလိုက်ပါလာသည့် ထိုင်းစစ်ဖက်မှ တာဝန်ရှိသူများထံမှ နဘူးမြို့နယ်တွင် လက်ခံရယူပြီး ခရိုင်အဆင့် ကရင်ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများအကူအညီပေးရေးကော်မတီ (CIDKP - Committee for Internally Displaced Karen People) နှင့် ကျေးရွာလူမှုအဖွဲ့အစည်းများထံသို့ လွှဲပြောင်းပေးခဲ့ပါသည်။

CIDKP နှင့် ကျေးရွာလူမှုအဖွဲ့အစည်းများတို့မှ ထောက်ပံ့ကူညီသည့် ပစ္စည်းများတို့ကို အကူအညီပေးအပ်ရာတွင် နဘူးမြို့နယ်မှတပါး ပိုင်ကျုံမြို့နှင့် သာမည(ဒုံရင်းမြို့နယ်) တို့တွင် မမျှော်လင့်ဘဲ စစ်ကောင်စီ၏ တာဝန်ရှိသူများနှင့် မြန်မာ ကြက်ခြေနီအသင်း (MRCS)မှ တာဝန်ရှိသူများ ပါဝင်လာသော်လည်း မိမိတို့ခေါင်းဆောင်များက စိန်ခေါ်မှုများကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် လုပ်ငန်းပြီးစီးအောင် ဖြန့်ဝေနိုင်ခဲ့ပါသည်။

သတင်းအချက်အလက်ပြည့်စုံစွာမရရှိမှုနှင့် စိန်ခေါ်မှုများရှိသော်လည်းစစ်ဘေးရှောင်များကိုကူညီထောက်ပံ့မှုနှင့် ပတ်သက်၍ KNU က ဒုက္ခရောက်နေသည့် ကရင်ပြည်သူများကိုယ်စား **ထိုင်းဘုရင့်နိုင်ငံအစိုးရ** ကို **အထူးကျေးဇူးတင်ရှိပါကြောင်း** နှင့် လူသားခြင်းစာနာထောက်ထားမှုနှင့်ပတ်သက်ပြီး KNU ၏ ရပ်တည်ချက်ကို အောက်ပါအတိုင်း ထုတ်ပြန်အပ်ပါသည်။

၁။ မြန်မာနိုင်ငံ၏ လူသားခြင်းစာနာထောက်ထားမှုအကူအညီလိုအပ်သည့် အကြပ်အတည်းသည် လူလုပ်-အကြပ်အတည်း (Men-made Humanitarian Crisis) ဖြစ်ပြီး စစ်တပ်က ပြည်သူကို ရည်ရွယ်ချက်ရှိရှိဖြင့် ပစ်မှတ်ထားတိုက်ခိုက်နေသည့်အတွက် ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

၂။ စစ်တပ်သည် လူသားခြင်းစာနာထောက်ထားမှု အကူအညီအပေါ် နိုင်ငံရေးအရ အမြတ်ထုတ်ရန် အစဉ် နည်းလမ်းရှာကြံခဲ့ပြီး မြန်မာကြက်ခြေနီအသင်း (MRCS) သည် စစ်တပ်၏အရံတပ်ဖွဲ့ ဖြစ်ကာ စစ်ကောင်စီ ကို ထောက်ပံ့ကူညီနေသည့်အဖွဲ့အစည်းဖြစ်သည်။ မိမိပြည်သူကို ပစ်မှတ်ထားတိုက်ခိုက်နေသည့် စစ်တပ်အကျိုးကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းက လူသားခြင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးအတွက် ကိုယ်စားပြုခြင်းသည် ဒုက္ခရောက်နေသည့် ပြည်သူ၏ စိတ်ခံစားချက်ကို ဥပေက္ခာပြုလိုက်ခြင်း ဖြစ်သည်။

၃။ ၂၀၂၄ ခုနှစ် မတ်လ (၂၆) ရက်နေ့ ပိုင်ကျုံမြို့နယ်အတွင်းရှိ စစ်ဘေးရှောင်ပြည်သူများတို့ကို လူသားခြင်းစာနာထောက်ထားမှုအကူအညီများပေးဝေနေစဉ် မွန်းတည့် (၁၂း၁၅) နာရီအချိန်တွင် စစ်ကောင်စီ ၏ လေတပ်တိုက်လေယာဉ် (၁) စီး က ပိုင်ကျုံမြို့ပေါ်တွင် အင်အားပြ ခြိမ်းခြောက် ပျံသန်းပြသမှုကြောင့် ကြောက်လန့်ပြီး ထွက်ပြေးကြရသည့် စစ်ရှောင်များအတွက် မိမိတို့ လွန်စွာ စိတ်မကောင်း ဖြစ်ရပါသည်။

၄။ စစ်ဘေးရှောင်နေရသည့်ပြည်သူများကို လူသားခြင်းစာနာထောက်ထားမှုအကူအညီ ပေးဝေခြင်းအားဖြင့် ရန်ဘက်လူမှုအဖွဲ့အစည်းများအကြား ယုံကြည်မှုကို ဖြစ်ထွန်းပေါ်ပေါက်စေနိုင်သော်လည်း ဘက်ပေါင်းစုံက သက်ဆိုင်သူများအကြား ပွင့်လင်းမြင်သာမှုနှင့် ညှိနှိုင်းတိုင်ပင်မှုတို့ကို ပြုလုပ်ရန်မှာ လွန်စွာအရေးကြီးပြီး ဤလုပ်ငန်းကြောင့် သက်ဆိုင်သူများအကြား ယုံကြည်မှုကို ထိခိုက်စေခြင်းသည် ပြဿနာကို ပို၍ နက်ရှိုင်းစေပါသည်။

၅။ KNU သည် မြန်မာနိုင်ငံ၏ လူသားခြင်းစာနာထောက်ထားသည့် အကြပ်အတည်းနှင့်ပတ်သက်သည့် သင့်တော်သော အကူအညီပေးအပ်မှုဆိုင်ရာ အဆိုပြုစဉ်းစားမှုအခြေခံ (Concept proposal) ကို ASEAN နိုင်ငံများထံသို့ သော်လည်းကောင်း၊ ထိုင်းဘုရင့်အစိုးရထံသို့ သော်လည်းကောင်း ပေးပို့ခဲ့ပြီးဖြစ်သလို အဆိုပါ အဆိုပြုစဉ်းစားမှုအခြေခံအပေါ် သက်ဆိုင်ရာအစိုးရများက အလေးအနက်ထည့်သွင်းစဉ်းစားပါရန် တိုက်တွန်းပါသည်။

၆။ တစ်နိုင်ငံလုံးနီးပါးက လူသားခြင်းစာနာထောက်ထားမှုအကူအညီ အရေးပေါ်လိုအပ်နေသည့် ယခုလို ကာလတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ သက်ဆိုင်သူများအကြား ဘက်ပေါင်းစုံမှ သတင်းအချက်အလက်မျှဝေမှုနှင့် ညှိနှိုင်းတိုင်ပင်မှုတို့ကို ပြုလုပ်ပြီးမှသာ ရှေ့ဆက်ကူညီထောက်ပံ့ရေးကို စဉ်းစားကြရန် အလှူရှင်နိုင်ငံများတို့အား မေတ္တာရပ်ခံပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး
ဗဟို

ဆက်သွယ်ရန်-

- စောနယ်ဒုဒါး ( +66 98 687 9384)
- နော်ဆိုဖီ (+66 80 228 0996)

**E-mail:** knu.comm@protonmail.com